# လွဲပေါ်ကျေးရွာ

# မိုးညှင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွဲပေါ်ကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

လွဲပေါ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား၂၃-ခစိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား၃၁ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား၃၃ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား  ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား၃၈ အိမ်သာ အမျိုးအစား

ဇယား၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား  ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား  ၄၁  ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား  ၄၂  ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား  ၄၃  သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား  ၄၄  လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား  ၄၅  ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား  ၄၆  ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး   အခြေအနေ

ဇယား  ၄၇  ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု

ဇယား  ၄၈  မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

| | |
|---|---|
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များ ကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုး ပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေး ပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လွဲပေါ်ကျေးရွာ

မိုးညှင်းမြို့နယ်

## လွဲပေါ်  ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထု ကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှု့များအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ် သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံ ကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင် ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

လွဲပေါကျေးရွာသည် မိုးညှင်းခရိုင်၊မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ မြောက်ဘက်ပိုင်းတွင်တည်ရှိပါသည်။ အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့်(၅၆)မိုင် ကွာဝေးပါသည်။ ကျေးရွာ၏ ပထမရွာ စတည်သောနှစ်မှာ (၁၁၄၀)ခုနှစ်ဖြစ်ပြီး(၁၁၄၉)ခုနှစ် နှောင်းပိုင်းတွင် ရွာပျက်ခဲ့ပါသည်။ ထို့နောက် ဒုတိယရွာပြန်တည်ထောင်ခဲ့သောနှစ်မှာ(၁၂၀၀)ဖြစ်ပါသည်။ ကျေးရွာသည် တောင်ပေါ်နှင့် မြေပြန့်နှစ်မျိုးဖြစ်ပြီး ရှမ်းနီလူမျိုးများအများဆုံး နေထိုင်ကြပါသည်။ကျေးရွာ၏ လမ်းအခြေအနေမှာ မြေသားလမ်းဖြစ်ပြီး တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်ထားပါသည်။ ဆောင်းနှင့် နွေရာသီအချိန်တွင် ကားလမ်းပေါက်၍ မိုးရာသီအချိန်တွင် သွားလာရေးခက်ခဲပါသည်။

ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်ကြသည်။ စိုက်ပျိုးရေးအတွက် မိုးရေချိန်မှာ လက်မ(၆၀)မှ (၈၀)ဝန်းကျင်တွင်ဖြစ်၍ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်ဖြစ်ကာ စိုက်ပျိုးရေးအတွက် အသင့်အတင့်ဖြစ်ပါသည်။ ကျေးရွာအနီးတွင် နန့်တိန်းချောင်းရှိသောကြောင့် မိုးရာသီတွင် ရေကြီးမှု အန္တရာယ်နှင့် ကြုံရတတ်ပါသည်။ သို့သော်လည်း စိုက်ပျိုးရေးအတွက် အနည်းအကျဉ်းမျှသာ အပျက်အစီးရှိပါသည်။ လယ်ယာမြေများသည် စပါးနှင့်မြေပဲကိုစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိက အားထားရာဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိပြီး တောင်ပေါ်မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာအတွင်း သဘာဝသယံဇာတများမထွက်ရှိပါ။ ကျေးရွာတွင် ရေလှောင်တမံ၊ ဆည်များနှင့်မြေအောက်ရေ ရရှိမှုများ မရှိသဖြင့် စိုက်ပျိုးရေးအတွက် မိုးရေကိုသာအဓိကအားထားရာဖြစ်ပါသည်။ လယ်ယာမြေ ဧက(၇၈၇)ရှိပြီး စပါးနှင့် မြေပဲကို အဓိကစိုက်ပျိုးကြပါ

သည်။မုန့်ညှင်းကို အနည်းအကျဉ်း စိုက်ပျိုးကြသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

ကျေးရွာတွင် အိမ်ထောင်စုစုပေါင်း(၆၀)စုနှင့် ကျား(၁၆၁)၊မ(၁၆၄)ဦးဖြင့် လူဦးရေစုစုပေါင်း (၃၂၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှနှုန်း(၅%)ခန့်ရှိပါသည်။ ကျေးရွာတွင် ရှမ်းနီလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောအရွယ်သည် (၆၁%)ခန့်ရှိ၍ လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွား ရေး ကြီးပွားတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေ သည် အမျိုးသားဦးရေထက် များပြားပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာ၏ အဓိကဝင်ငွေလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေ အထားမှာ သာမန်အားဖြင့် လျော့နည်းနေပါသည်။ ဆင်းရဲချမ်းသာအဆင့်တွင် အိမ်ထောင်စု အားလုံး၏(၃၀)သည် ဆင်းရဲခြင်းနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် ခံယူ နေကြပြီး (၃၇%) သည် ချမ်းသာသည့်အဆင့်၊(၁၉)သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြ ပါသည်။ချမ်းသာသည် ၃ အိမ်ထောင်စုဖြစ်သည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု လက်လှမ်းမှီမှု လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုတို့ကြောင့် စီးပွားရေးအခြေအနေ၏ အနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟု သတ်မှတ်နိုင်သည်။ ချမ်းသာသော လယ်သမား အိမ်ထောင်စု များအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့သည်လည်း လက်သမားစသည်ဖြင့် သေးစား အိမ်တွင်းများ လုပ်ဆောင်ကြပါသည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်း အချို့လည်း ငွေရေးကြေးရေး အသင့်အတင့်ရှိပါသည်။

ကျေးရွာတွင် ဆင်းရဲသောအဆင့်မှာ အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမား၊ လက်လုပ်လက်စား၊ လယ်ယာမဲ့အိမ်ထောင်စုတို့ ပါဝင်ပါသည်။ ကျေးရွာအတွင်း လယ်ယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ (၁၂)ဦးခန့်ရှိ၍ ဆင်းရဲ၊အလွန်ဆင်းရဲ အိမ်ထောင်စုများ ဖြစ်ကြသည်။

**(ဂ)ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် (၁၂)ဦး:ခန့်ရှိသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ တနိုင်တပိုင်လုပ်ငန်းများနှင့်

အခြားသောလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေနိုင်ပါသည်။ ကျေးရွာတွင် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော(၃/၄)အိမ်ထောင်စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၃၀%)မှာ သူတစ်ပါးထံမှ ချေးငှားပြီး နပ်မှန်အောင်စားသုံးနိုင်ကြကြောင်း( %)မှာ သူတစ်ပါးထံမှ မချေးငှားဘဲ စားသုံးနိုင်ကြသည်။ အကြွေးတင်ရှိမှုတွင် တွေ့ရှိခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၃၉၉၉/-ကျပ်မှ ၁၀၀၀၀၀ကျပ်အထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ (၂%)ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ အသင့်အတင့်ဖြစ်ကာ မိသားစုဦးရေ များပြားကြသည်။ မုဆိုးဖို၊တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု(၈)စုသည် ဆင်းရဲပြီးထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။ ကျေးရွာအတွင်း အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ် အနည်းအကျဉ်းရှိကြောင်းတို့ ဖြစ်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာအတွင်းရှိ ရွာသားအများစုမှာ သာမန်အားဖြင့် ကျန်းမာရေးအသင့်အတင့် ကောင်းမွန်ကြပြီး အဟာရပြည့်ဝမှုရှိကြသည်။ ကလေးလူငယ်များသည် ကျန်းမာကြပါသည်။ အမျိုး သမီး၊ လူငယ်လူရွယ်၊ အသက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များရှိကြပါသည်။ ကျေးရွာများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာအတွင်း မရရှိနိုင်သော်လည်း (၇)ဖာလုံ အကွာအဝေးတွင်ရှိသော တိုက်နယ်ဆေးရုံသို့ ဆိုင်ကယ်၊ခြေလျင်များဖြင့် အလွယ်တကူ သွားလာနိုင်ပြီး လိုအပ်သော ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများရရှိနိုင်ပါသည်။ သို့ဖြစ်၍ ကျန်းမာရေးအတွက်မှာမူ လက်လှမ်းမီမှုရှိပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ကျန်းမာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံ အရေးအဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ဖြစ်ပါသည်။ ကျေးရွာအတွင်း အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် တက်ကြပြီး အလယ်တန်း၊အထက်တန်းကို(၆)ဖာလုံအကွာတွင် အ.ထ.က ချောင်းဝကျောင်းတွင် ဆက်လက်ပညာသင်ယူ သက်ရောက်ကြပါသည်။ အချို့မှာ အထက်တန်းကျောင်းကို မိုးညှင်းမြို့၊ ဟိုပင်မြို့တို့တွင် သွားရောက်၍ တက်ကြပါသည်။ သို့သော်လည်း ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအတွက် ကျွမ်းကျင်မှုမှာ နိမ့်ကျနေဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်ပါသည်။

**(စ) ကျားမရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာ တွင် ကျား-မရေးရာ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆက်ခြင်းကိစ္စများ မတွေ့ရပါ။

ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းနှင့် အလယ်တန်း အဆင့်ရှိ မိန်းကလေးအရေအတွက်သည် ယောကျားလေးအရေအတွက်ထက် နည်းနေသော်လည်း အထက်တန်းတွင် (မ) အရေအတွက်မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများ အတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ် သည်။ သို့သော်လည်းအုပ်ချုပ်ရေးနှင့်ဆိုင်ရာအဖွဲ့အစည်းများတွင် အမျိုးသမီးတို့၏ ပါဝင်မှုတို့မှာ အလွန်နည်းလျှက်ပင်ဖြစ်သည်။ ကျား-မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ် လာနိုင်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၅)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့တို့ ရှိပါသည်။ ထို့အပြင် ကျေးရွာတွင် မိခင်နှင့်စောင့်ရှောက်မှု၊ အမျိုးသမီးရေးရာအဖွဲ့တို့တည်ရှိပြီး ကျေးရွာအတွင်း လှုပ်ဆောင်ချက်အပိုင်းမှာ အားနည်းနေသည်။ကျေးရွာတွင် လည်ပတ်ရန်ပုံငွေများ မရှိပါ။ ကိုယ်ထူကိုယ်ထဖြင့် စိုက်ပျိုးရေး၊မွေးမြူရေး၊အရောင်းအဝယ် ပွဲကျလုပ်ငန်းများ စသည်ဖြင့် လည်ပတ်လုပ်ဆောင်လျှက်ရှိပါသည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြားဆက်ချိတ်ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ အား နည်းနေကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးနှင့် မြေပဲကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ကေ (၇၈၇)ကေ ရှိပါသည်။ သီးထပ်အဖြစ် မြေပဲနှင့်မုန့်ညှင်းကို စိုက်ပျိုးကြပါသည်။ မြေပဲစိုက်ကေမှာ (၁၅)ကေရှိပြီး မုန့်ညှင်းစိုက်ကေ (၁၂)ကေ ရှိပါသည်။မိုးစပါးပျမ်းမျှအထွက်နှုန်းမှာ တစ်ကေလျှင် အများဆုံး (၈၀)တင်းထွက်ရှိပါသည်။ ဆောင်းရာသီနှင့်နွေရာသီတွင် ရေရရှိမှု အခက်အခဲရှိသဖြင့် နွေစပါးစိုက်

ပျိုးခြင်းမရှိပါ။ မြေပဲနှင့်မုန့်ညှင်းတို့ကို အဓိကထားစိုက်ပျိုးကြပြီး မြေပဲတစ်ကေလျှင် တင်း(၇၀) ထွက်ရှိ၍ မုန့်ညှင်းတစ်ကေလျှင် တင်း(၂၀)အထိ ထွက်ရှိကြပါသည်။

တောင်သူလယ်သမားအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေး၍ အလုပ်သမားများကို ငှားရမ်း ရသောကြောင့် ကုန်ကျစရိတ်မြင့်မားရသည်။ အချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုပြဿနာတို့ကို ကျော်လွှားနိုင်ရန်အတွက် စပါးစိုက်ပျိုးရာတွင် ကြဲပက်စနစ် ကိုသုံးကြသည်။ တောင်သူများသည် တစ်ခါတစ်ရံ ရာသီဥတုဖောက်ပြန်မှုကိုလည်း ရင်ဆိုင်ရသည်။ ထို့အပြင် စပါးဖျက်ပိုးကျရောက်သော အန္တရာယ်ကိုလည်း ရင်ဆိုင်ကြရသဖြင့် ပိုးသတ်ဆေး အချို့ကို အသုံးပြုနှိမ်နင်းသော်လည်း ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြ သဖြင့် တောင်သူလယ်သမားများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေး နည်းစနစ်ကို လိုလာ နေကြသည်။

ကျေးရွာအတွင်း ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ စီးပွားဖြစ်မွေးသူမရှိပါ၊အနည်း ငယ်မျှသာရှိပြီး ဒေသအတွင်းရှိ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးကြသည့် အိမ်ထောင်စုသည် အနည်းငယ်မျှသာရှိပြီး စီးပွားရေးအဖြစ်မွေးမြူခြင်းမရှိပါ။ ရာသီအလိုက်ဖြစ်ပွား တတ်သော တိရစ္ဆာန်ရောဂါများမှာ အထူးအဖြင့် ကြက်လည်လိမ်ရောဂါ၊ ကြက်နာကျ ရောဂါတို့ အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။ အကြောင်းမှာ မြို့နယ်ဦးစီးမှ နည်းပညာပံ့ပိုးမှု အားနည်းခြင်း ၊မွေးမြူရေးနည်းစနစ် ပညာပေးသင်တန်းများ မရှိခြင်းတို့ဖြစ်သည်။ ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးဆိုင်ရာအဟန့်အတားများအနေဖြင့် မွေးမြူရေးလုပ်ငန်းများတိုးချဲ့ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ခြင်း၊ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင် အတိုးနှုန်းမှာ မြင့်မားတတ်သောကြောင့်ဖြစ်သည်။ ကျေးရွာတွင် ငါးမွေးမြူရေး လုပ်ငန်းအတွက် ရေမြေနေရာအဆင်မပြေသော်လည်း ချောင်း၊မြောင်း၊အင်း၊အိုင်ပေါများသော ကြောင့် ငါးဖမ်းလုပ်ငန်းအတွက်မှာ အသင့်အတင့်အဆင်ပြေကောင်းမွန်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများမရှိပါ။အခြားဝင်ငွေလုပ်ငန်းများမှာ နေ့စား၊ သယ်ယူပို့ဆောင်ရေး၊ဈေးရောင်း၊ အစိုးရဝန်ထမ်း၊လုပ်ငန်းတို့ဖြစ်သည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီနှင့် ရိတ်သိမ်းရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်သည့် အချိန်များတွင် အလုပ်အကိုင်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ ဆံပင်အလှပြင်၊မိတ်ကပ်အလှပြင်၊ကွန်ပျူတာ၊ မိုဘိုင်းဖုန်းပြင်၊အပ်ချုပ်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ ကားပြင်၊ကားမောင်း၊ ဝပ်ရှော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်းဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သည် အရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျ၍ သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်အတွက် ငွေကြေးအတတ်နိုင်ခြင်းတို့ဖြစ်သည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် မြေပဲစိုက်ခင်းများအပေါ် မှိုကျရောက်မှု အန္တရာယ်နှင့်ကြုံရတတ်သည်။ ထို့ကြောင့်မှိုရောဂါကျရောက်မှုဘေးကို ကာကွယ်ရန်အတွက် မှိုသတ်ဆေး၊ ပိုးသတ်ဆေးနှင့် အခြားဓါတုမြေဩဇာများ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူလယ်သမားများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေး၊ဓါတုမြေဩဇာ စသည်တို့ကိုသာ အသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများမှာလည်း ပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာရှိ တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောငွေကို တစ်နှစ်အတိုးနှုန်း ပြား(၄၀)၊ တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်ဖြင့် ထုတ်ချေး ကြပါသည်။ အများဆုံး(၁၀)ဧက အထိ ချေးယူနိုင်သည်။ အဖွဲ့တစ်ဖွဲ့လျှင်(၇)ဦးစီ ဖွဲ့စည်းထားပြီး စည်းကမ်းအသင့်အတင့် တင်းကြပ်လျှက်ရှိပါသည်။ အချို့သော အိမ်ထောင်စုများမှာ ကျေးရွာအတွင်းရှိ ငွေတိုးချေးသူထံမှ အတိုး(၅)ကျပ်မှ (၁၀)ကျပ်အထိ အတိုးနှုန်းဖြင့် ချေးယူကြပါသည်။ ထို့အပြင်ကျေးရွာအတွင်း တောင်သူလယ်သမားများအတွက် သမဝါယမ အဖွဲ့အစည်းများလည်းရှိပါသည်။ သမဝါယမ အဖွဲ့ဝင်တစ်ဖွဲ့လျှင်(၇)ဦးစီဖြင့်ဖွဲ့စည်းထားပြီး လယ်သမားတစ်ဦးလျှင် ကျပ်(၅၀၀၀၀)ဖြင့် အတိုးနှုန်း(၁.၅)%နှုန်းဖြင့်(၁၂)လအထိ ချေးယူကြရသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(စားဝတ်နေရေး၊ကျန်းမာရေး၊ ပညာရေး)စသည်အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီးကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရပါသည်။ ကျေးရွာတွင် အကြွေးတင်ရှိမှုအနေအထားကို

လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ(၅၀၀၀၀)ကျပ်မှ(၈၀၀၀၀)ကျပ်အထိ ချေးယူထားကြောင်းသိရပါသည်။

## ( စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာအတွင်းရှိ မူလတန်းကျောင်းမှာ အလျား(၈၀)ပေ၊အနံ(၃၀)၊(၈၀)ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ စာသင်ကျောင်းမှာ ရွာ၏ အလယ်တွင်တည်ရှိပါသည်။ ရွာသားအားလုံးမှာ ရေးတတ်၊ဖတ်တတ်ကြသည့် အဆင့်တွင်ရှိပါသည်။ ကျေးရွာတွင် မူလတန်းအောင်ရာခိုင်နှုန်းလည်း မြင့်မားပါသည်။ ကျေးတွင် မူလတန်းပြ ဆရာ/မ (၆) ဦးရှိပြီး ကျောင်းသုံးပရိဘောဂမှာ လုံလောက်မှုမရှိပါ။ ကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းများ အတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပေးပို့လျှက်ရှိပါသည်။ ကျောင်း အတွင်း KG နှင့် မူကြိုအတန်းများကိုလည်း ဤကျောင်းတစ်ကျောင်းထဲတွင်သာ ထားရှိပါသည်။

ကျေးရွာတွင် ဆေးပေးခန်းမရှိပါ။ ကျေးရွာနှင့်(၇)ဖာလုံအကွာတွင် တိုက်နယ်ဆေးရုံရှိသော ကြောင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုအတွက်မှာ လက်လှမ်းမှီမှုရှိပါသည်။

သောက်သုံးရေအတွက် တွင်းရေများကိုသာ သုံးစွဲကြပါသည်။ မိုးနှင့်ဆောင်းတွင်း ရေလုံလောက်မှုရှိသော်လည်း နွေရာသီတွင် ရေမလုံလောက်မှုပြဿနာနှင့် ကြုံတွေ့ရပါသည်။ အကြောင်းမှာ ရေတွင်း၊ရေကန်များနည်းပါးခြင်း၊ ရေတွင်း၊ရေကန်များတည်ဆောက်ရန် ကျေးရွာ အတွင်း ရန်ပုံငွေများမရှိခြင်းတို့ကြောင့်ဖြစ်သည်။ တစ်ရွာလုံးနီးပါး ယင်းလုံများဆောက်လုပ်သုံးစွဲ ကြသဖြင့် ယင်းကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးသည်။ စာသင် ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသား/သူများ အတွက် အသုံးပြုရန်လွယ်ကူပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေ အနားယူနိုင်မည့် နေရာအနေအထား သီးသန့်မရှိပါ။ ကျေးရွာ အတွင်းရှိ လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း (ရှမ်းနီ)ရိုးရာယဉ်ကျေးမှုအကဖြင့် ဆက်စပ်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ သီးသန့်ဖော်ဆောင် ခြင်းမရှိပါ။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာအတွင်းရှိလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီ၊နွားလှည်း၊ ဆိုင်ကယ်များကို မောင်းနှင်ကြသည်။ ရေကြောင်းလမ်းခရီးအသုံးပြုမှုမရှိပါ။ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၄၃)စီးနှင့်စက်ဘီး(၁၀)စီးတို့ကို အသုံးပြုလျှက်ရှိသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးမှာ လက်လှမ်းမှီအသုံးပြုနိုင်ကြပါသည်။ အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့် မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက ချိတ်ဆက်အသုံးပြု နိုင်ကြပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှု အခြေအနေတွင် တည်ရှိပါသည်။ တည်ငြိမ်အေးချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုအတွင်း အဆင်ပြေချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအချက်အလက်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်ပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်များ သီးသန့်ရေးဆွဲထားခြင်းမရှိပါ။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

ကျေးရွာတွင် လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏( %၀မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေး ဝမ်းကျောင်းသင်တန်းများကို လူငယ်များအားလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ကြပါသည်။ ကျေးရွာအတွင်း စာသင်ကျောင်းနှင့်ပံ့ပိုးမှုများမှာလည်း လက်ရှိ ပညာရေးအနေအထားများအတွက် အသင့်အတင့်ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီမြေသြဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ခြင်းမရှိပါ။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် အထောက်အပံ့ဖြစ်စေသည်။ ကျေးရွာတွင် သုံးဆယ်ရေလှောင်တမံများမရှိသောကြောင့် နွေစပါး စိုက်ပျိုးမှုမရှိပါ။ ကျေးရွာသည် ဟိုပင်၊မိုးညှင်းမြို့တို့ကို ကားလမ်းဖြင့် ကူးသန်းသွားလာနိုင်သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းမရှိသဖြင့် ဒေသထွက်ကုန်များကို များကို အချိန်မှီတင်ပို့ရောင်းချနိုင် ခြင်းမရှိပါ။

ကျေးရွာတွင် မွေးမြူရေးထုတ်ကုန်များ ရောင်းချရန်အတွက် ဈေးကွက်ရှိသော်လည်း ကြက်၊ ဝက်၊နွားတို့ကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းမည်းပါးသည်။ မွေး/ကုဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို အဆင်ပြေချောမွေ့စေပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြပါသည်။ အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက် အတွက် ချိတ်ဆက်အသုံးပြုနိုင်ပါသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာတွင်းရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေ ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများသည် အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ဆောင်ရွက်ရပေမည်။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက်ကျရောက်တတ်သော ဖျက်ပိုးများ၏ အန္တရာယ်ကို ကာကွယ်ရန် ပိုးသတ်ဆေးများကို အသုံးပြုကြသော်လည်း အချို့သော ဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခုခံနိုင်စွမ်းရှိပါသည်။ ကျေးရွာတွင် ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်သော မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ အကောင်အထည်ဖော်ပေးသော အစီအစဉ်များမရှိသေးပါ။ တောင်သူလယ်သမားများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေးအတွက် နည်းပညာနှင့်အထောက်အပံ့များ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာမှ အိမ်တွင်းမှု ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရန် အတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊တတ်သိပညာ၊ အထိအတွေ့တို့အားနည်း ပါသည်။

## (၆) ပန်းတိုင်နှင့်မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က–၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ အသက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်စေရမည်။

(က–၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် လမ်းတံတားနှင့် လျှပ်စစ်မီး ရရှိမှု ကောင်းစေရမည်။

(က–၃) ကျွန်ုတို့ကျေးရွာသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးဆိုင်ရာ အုပ်စုဖွဲ့စည်း၍ ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတစ်ဆင့် ဖွံ့ဖြိုးရေးစီမံကိန်း စီမံခန့်ခွဲမှုဒ ယန္တရားများ တိုးတက်လာစေရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

**(ခ–၁)** ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း သင်တန်းများကို တိုးချဲ့ဆောင်ရွက်သွားပါမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ အရင်းအနှီးရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်မည်။အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ အတွက် ခွဲဝေချထားပေးမည်။ ထို့အပြင်ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရန် အတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ သင်တန်း တက်ရောက်ထားသူကတဖန် ကျေးရွာတွင် ရရှိထားသောနည်းပညာများကို မျှဝေပြီး မိမိကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေပါမည်။

(ခ–၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုး၊ပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသောသင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်း သားများကို တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်။

(ခ-၃) ကျေးရွာအတွင်း ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦများတိုးတက်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်သွားပါမည်။ ကျေးရွာရှိ လူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမို ရရှိတိုးတက်လာစေရန် တွန်းအားပေးဆောင်ရွက်သွားမည် ဖြစ်သည်။

**(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

အစိုးရမူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ပြုစုဖော်ပြထားသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးအပြင် မြေပဲ၊မုန့်ညှင်းတို့ကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများ၏အဓိကပြဿနာတစ်ရပ်မှာ ကောက်ပဲသီးနှံဖျက်ပိုးကျရောက်ခြင်းဖြစ်သည်။ ထိရောက်စွာဖျက်ပိုးနှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရန်လိုအပ်ပါသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူလယ်သမားများအတွက် သီးနှံဖျက်ပိုးနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ရောဂါပိုးမွှားနှိမ်နှင်းရေး နည်းပညာ ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဆောင်ရွက်ပြုသင့်ပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များချမှတ်ပြောင်းလဲသင့်ပါသည်။ အထူးသဖြင့် လယ်သမားများနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေများလိုအပ်ပါသည်။

## (ဃ) ကျေးလက်ဒေသနှင့် အသေးစားစက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင်အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်သည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းရရှိရန် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိသည်။ သို့ဖြစ်၍ လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်းအချက်အလက်များ လက်လှမ်းမှီမှုနည်းသည့် ကျေးရွာများမှ အသေးစားစက်မှုလုပ်ငန်းများအတွက် အကျိုးသက်ရောက်ဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအခါတွင်အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအထောက်အကူပြု အဖွဲ့တစ်ဖွဲ့ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

## (၈) စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်အဖြစ်သဘောပေါက်နားလည်နိုင်မည့် ဖော်ထုတ်ချက်များဖြစ်ပါသည်။ ထို့ကြောင့်စီမံချက်များသည် (၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များရောက်ရှိရန်ပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကအချက်များဖြစ်သည်။

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုသည်(၅)နှစ်တာ စီမံချက်ကာအတွက် ပြင်ဆင်ပြုစုကြသည့် ကာလတွင် ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြပါသည်။ စီမံချက်များသည် မည်သို့မျှ ပြည့်စုံနိုင်ခြင်း မရှိပါ။ ကျေးရွာလူထုသည် (၂)နှစ်၊(၃)နှစ်တာစီမံချက်ကာလများအတွက်

မျှော်မှန်းရေးဆွဲ ခဲ့ကြသော်လည်း (၅)နှစ်တာကာလတစ်လျောက်လုံးတွင် နောက်ထပ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖော်ထုတ်ကြရမည်။ ဤသို့ဖြင့် (၅)နှစ်တာကာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ ဗျူဟာမြောက်ဘောင်အတွင်းနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

-ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာ ဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်ပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန် မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့များ၏ တာဝန်ဖြစ်ပါသည်။ တချို့ ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။

ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသောအဖွဲ့ခွဲများကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *လမ်းပန်းဆက်သွယ်ရေး (လမ်းတံတားကောင်းမွန်လာစေရေး)* | | | | | |
| | ၁။ကွန်ကရစ်ကာတုံး ကာရံ၍ သဲကျောက်လမ်းခင်းခြင်း | | ၁ | -ရန်ပုံငွေလိုအပ်<br>လုပ်အားလိုအပ်<br>နည်းစနစ်လိုအပ် | ကျေးလက်ဦးစီး |
| *ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး*<br>*သောက်သုံးရေလုံလောက်စွာရရှိရေး* | | | | | |
| | ၂။ ကျေးရွာတွင်သောက်သုံးရေကိစ္စအဆင်ပြေစေရေး | | ၅ | – ပုဂ္ဂလိက အလှူရှင် ကျေးလက်ဒေသအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း<br>– ကျေးရွာလူထုထံမှ ပူးပေါင်းပါဝင်ရယူခြင်း | ကျေးလက်ဦးစီး |
| *လျှပ်စစ်ဓါတ်အားသုံးစွဲရေး*<br>*လျှပ်စစ်မီးရရှိရေး* | | | | | |
| | ၃။ မဟာဓါတ်အားလိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်ရေး | | ၂ | - ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်<br>-မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြရန် | ကျေးလက်ဦးစီး |

| | | | | |
|---|---|---|---|---|
| **ပညာရေး**<br>**ကလေးပညာရေးဖွံ့ဖြိုးရေး** | | | | |
| | ၄။ ကျေးရွာ၏ပညာတတ်<br>မြောက်မှုတိုးတက်ရေး | ၇ | -မိုးရေလှောင်ကန်တည်ဆောက်ခြင်းနှင့် ရေသန့်စက်များ<br>တပ်ဆင်ပေးခြင်း<br>-ကလေးအားကစားကွင်းတည်ဆောက်ပေးခြင်း | |
| ***ကျန်းမာရေး***<br>***ကျန်းမာရေးတိုးတက်လာစေရေး*** | | | | |
| | ၅။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ<br>တိုးတက်လာစေရေး | ၆ | - ယင်လုံအိမ်သာများ ဆောက်လုပ်အသုံးပြုရန်<br>တိုက်တွန်းခြင်း<br>-ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ<br>ပြုလုပ်ပေးခြင်း | |
| **လူငယ်ယဉ်ကျေး**<br>**မှုအားကစား**<br>**လူငယ်များစွမ်း**<br>**ဆောင်ရည်တိုး**<br>**တက်စေရေး** | ၆။ လူငယ်များအား<br>စွမ်းဆောင်ရည်မြှင့်တင်ပေးရေး | ၁၀ | -အခြေခံခေါင်းဆောင်မှုသင်တန်း<br>-အဖွဲ့အစည်းစီမံခန့်ခွဲမှုသင်တန်း<br>-ဆက်ဆံရေးနှင့်ပံ့ပိုးမှုတိုးတက်လာစေရေးသင်တန်း | – |
| ***ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း***<br>***ချေးငွေလက်လှမ်းမှီရေး*** | | | | |
